စိတ်ကူးဖွံ့ဖြိုးအနုပညာ

# အနာဂတ်ကြိုစာပေအနုပညာ သဘောမှန်ဝါဒသစ်နှင့် ကဗျာဒဿန

သန်းလွင်





Image by Pixabay.com - Arek Socha

mgyoe.com

mgyoe.com

"အနာဂတ်ကြို သဘောမှန်ဝါဒသစ်"သည် ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ
ပက်ပင်းကြုံနေသော အခက်အခဲ၊ အကျပ်အတည်းမှ
ကျော်လွှန်ထွက်မြောက်ရေးအတွက်လည်းကောင်း ၊
"လူ့ဘောင်သစ် တည်ဆောက်ရေး" မျှော်လင့်ချက်များ
ရှင်သန်နိုးကြားလာရေးအတွက်လည်းကောင်း၊
အနာဂတ်တွင် ပိုမိုကောင်းမွန်သော ဘဝအစစ်အမှန်(သစ္စာ)တရားများကို
အနုပညာခံစားသူ ပရိသတ်၏ နှလုံးသား၌ တမ်းတအောင်
ကြည်နူးနှစ်သိမ့်အောင်၊ ယုံကြည်သက်ဝင်အောင်၊ ဆန်းသစ်၍
ရှင်သန်လှုပ်ရှားတက်ကြွသည့် နည်းနိဿယ(ဒိုင်းနမစ်ပုံစံ)ဖြင့်
ထင်ရှားအောင် ဖော်ကျူးသော အနုပညာလုပ်ငန်းလုပ်ဟန် ဖြစ်သည်။



ဖွံ့ဖြိုးဆဲလူ့ဘောင်တွင် စာပေအရာ၌ဖြစ်စေ၊ အနုပညာအရာ၌ဖြစ်စေ၊
လူ့ဘောင်၏ အကျိုးရှိစေမည့် သဘောအရပ်ရပ်ကို
စာဖတ်သူ၊ အနုပညာခံစားသူ ပရိသတ်တို့၏ အကြိုက်ဖြစ်အောင်
အနုပညာရှင်၏ ထိုးထွင်းသော ပဋိဘာန်ဉာဏ်ဖြင့်(အဆန်းတကြယ်)ဖန်တီးခြင်း၊
(သို့မဟုတ်) ပရိသတ်၏ နှလုံးသား၌ အနုဘဝနရသ အတွေ့အကြုံများ၊
ခံစားမှုများဖြစ်ပေါ်လာအောင် လှုံ့ဆော်ခြင်းသည်
ကြံစည်ဖန်တီးခြင်းပင် ဖြစ်ပါသည်။
တစ်နည်းဆိုသော် ဘဝအကျိုးကို ရသဖြစ်အောင်
အသွင်ပြောင်းခြင်းအတတ်ကိုပင် ဖန်ဆင်းခြင်းခေါ်ပါသည်။
ထိုဖန်ဆင်းခြင်းသည် သာမန်တို့နှင့် ဆက်ဆံသော အတတ်မျိုး မဟုတ်ပါ။
အနုပညာရှင်ဆိုသော ဘဝအတွေ့အကြုံကို ရသဖြစ်အောင် ပြောင်းလဲတတ်သော
ပါရမီဉာဏ်ထက်သန်သူတို့၏ "မှော်အတတ်" Magic ကိုပင်
ဖန်ဆင်းခြင်းဟု ခေါ်အပ်ပါသည်။

ISBN9789997119018
ANB129
9 789997 119018
1,500.00KS

mgyoe.com

အနာဂတ်ကြိုစာပေအနုပညာသဘောမှန်ဝါဒသစ်နှင့် ကဗျာဒဿန၊ ဆန်းလွင်
စာမျက်နှာ ၁၀၄ မျက်နှာ၊ ၁၂•၇ စင်တီ× ၁၇•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ အနာဂတ်ကြို စာပေအနုပညာ သဘောမှန်ဝါဒသစ် ၁

၂။ အနာဂတ်ကြို သဘောမှန်ဝါဒသစ်နှင့် စာပေအနုပညာဟန်သစ် ၃၅

၃။ အနာဂတ်ကြို မြန်မာစာပေ ဟန်သစ်ဖွဲ့စည်းခြင်း ၄၂

၄။ အနာဂတ်ကြို စက်မှုအနုပညာသစ်၏သဘော ၅၀

၅။ ကဗျာဒဿနမိတ်ဆက် ၅၈

၆။ ကဗျာဒဿနအဆက် ၇၀

၇။ ကဗျာ၏ကိစ္စ ကဗျာ၏အနာဂတ် ၇၇

၈။ ကဗျာ၏ ဒုတိယကိစ္စ ၈၆

၉။ အလွမ်းဒဿန ၉၂




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနာဂတ်ကြို စာပေအနုပညာ သဘောမှန်ဝါဒသစ်

**နိဒါန်း**

၁။ ဖွံ့ဖြိုးဆဲ လူ့ဘောင်အဖွဲ့အစည်းများတွင် လိုအပ်သော စာပေအနုပညာဆိုင်ရာ ရသပညာ သဘောတရားတစ်ရပ်ကို ဤစာတမ်းတွင် တင်ပြသည်။

၂။ ဖွံ့ဖြိုးဆဲ လူ့ဘောင်အဖွဲ့အစည်းများသည် မိမိတို့ လူ့အဖွဲ့အစည်း၏ တိုးတက်ဖွံ့ဖြိုးရေးကို အားထုတ်ကြရာတွင် မိမိတို့ချမှတ် ကျင့်သုံးလျက်ရှိသော မူဝါဒလမ်းစဉ်နှင့်အညီ အထောက်အကူပြုမည့် 'စာပေအနုပညာဆိုင်ရာ ဒဿနအမြင်' လိုအပ်သည်။ (စာပေအနုပညာဆိုင်ရာ ဒဿနအမြင်သည် စာပေအနုပညာဆိုင်ရာ မူဝါဒ လမ်းညွှန်ချက် မဟုတ်ပါ။)

၃။ စာပေအနုပညာဆိုင်ရာ ဒဿနအမြင်သည် ရသပညာ သဘောတရား တစ်ရပ်သာ ဖြစ်သည်။ ထိုအမြင်သဘောတရားသည် ရသပညာဆိုင်ရာ ပြဿနာများကိုသာ ဖြေရှင်းသည်။

mgyoe.com

mgyoe.com


၄။ 'အနာဂတ်ကြို စာပေအနုပညာသဘောမှန်ဝါဒ' (Futuristic Neo-realism of Art and Literature) ဟူသည် ရသပညာသဘောတရား အမြင်တစ်ရပ် ဖြစ်သည်။ ဤသဘောတရားသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများတွင် ပေါ်ပေါက်လျက်ရှိသော ရသဆိုင်ရာ ပြဿနာတစ်ရပ်ကို ဖြေရှင်းရန်အတွက် ပေါ်ပေါက်သည့် လုပ်နည်းလုပ်ဟန်သာ ဖြစ်သည်။

၅။ ဖွံ့ဖြိုးဆဲ လူ့ဘောင်အဖွဲ့အစည်းများတွင် ကြုံတွေ့ကြရ သောရသပြဿနာ ဆိုသည်မှာ **အနုပညာ ဖန်တီးကြရာတွင် ပရိသတ်၏ အကြိုက်ကို ဖန်တီးနိုင်သောအခါ ပရိသတ် အကျိုးမရှိခြင်းနှင့် ပရိသတ်အကျိုးကို ဖန်တီးနိုင်သောအခါ ပရိသတ်အကြိုက်မဖြစ်ခြင်း** ပြဿနာ ဖြစ်ပါသည်။ (တစ်နည်းအားဖြင့် အနုပညာ ဖန်တီးကြရာ၌ **ပရိသတ် အကြိုက်လည်းဖြစ်၍ အကျိုးလည်းရှိအောင် မဖန်တီးနိုင်ခြင်း** အခက်အခဲကို ဆိုလိုပါသည်)

၆။ ဤတွင် 'အနုပညာသည် လူ့ဘဝထဲမှ၊ လူ့ဘဝအတွက် ပေါ်ပေါက်လာသော၊ တန်ဖိုးပါသည့် ပစ္စည်းတစ်ခု ဖြစ်သည်။ အနုပညာရှင်သည် လူထဲက လူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် အနုပညာရှင်မှာ လူမှုဘဝသာယာဝပြောရေး၊ လှပတင့်တယ်ရေး၊ ငြိမ်းချမ်းသာယာရေး စသော မွန်မြတ်သော လူမှုတာဝန်များ ရှိသည်။ သို့သော် အနုပညာရှင်သည် လူသာမန်မဟုတ်၊ လူပြိန်းမဟုတ်။ သူ့မှာ လောက၏ အလှနှင့် ဘဝ၏ ရသကို ရှာဖွေတတ်သော ကြံစည်ဖန်တီးတတ်သော ထူးခြားသည့် ရသဉာဏ်နှင့် ကျွမ်းကျင်မှု အတတ်ပညာ ရှိသည်။

mgyoe.com

mgyoe.com



ဘဝ၏ အလှကို မမြင်တတ်သော လူသာမန် ပရိသတ်တို့အား လောကအလှ ဘဝအလှများကို မြင်တတ်အောင် မျက်စိ ဖွင့်ပေးနိုင်သော သတ္တိထူးလည်းရှိသူ ဖြစ်သည်' ဟူ၍ 'အနာဂတ်ကြို သဘောမှန်ဝါဒသစ်' က လက်ခံယုံကြည်သည်။

## အနာဂတ်ကြို သဘောမှန်ဝါဒသစ်၏ သဘော

၇။ 'အနာဂတ်ကြို သဘောမှန်ဝါဒသစ်'ဟူသည် အနုပညာဆိုင်ရာ အနာဂတ်ကြိုဝါဒနှင့် သရုပ်မှန်ဝါဒကို ယထာဘူတကျစွာ ပေါင်းစည်းရှုမြင် သုံးသပ်ထားသော အနုပညာဆိုင်ရာ ရသ သဘောတရား အမြင်တစ်ရပ်ပင် ဖြစ်ပါသည်။

၈။ ဤတွင် 'အနာဂတ်ကြိုဝါဒ'၏ သဘောနှင့် 'သဘောမှန်ဝါဒ' ဟူသော သဘောနှစ်ရပ်ကို ရှင်းလင်းတင်ပြသင့်သည်ဟု ထင်ပါသည်။

၉။ 'အနာဂတ်ကြိုဝါဒ'ကို အင်္ဂလိပ်ဘာသာအားဖြင့် 'ဖျူချာရစ္ဇင်း' (Futurism) ဟု ခေါ်ပါသည်။ မူလ အနာဂတ်ကြိုဝါဒသည် ၁၉၁၀ ပြည့်နှစ်ဝန်းကျင်တွင် အီတလီပြည်၌ စတင်ပေါ်ပေါက်ပါသည်။ အက်ဖ်၊ တီ၊ မာရီနက်တီ (၁၈၇၆–၁၉၄၄) ဆိုသူက စတင်၍ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ သူ၏ စာအုပ်မှာ (Mainfesti Del Futurismo) 'အနာဂတ်ကြိုဝါဒ ကြေညာစာတမ်း' ကျမ်း ဖြစ်သည်။ ထိုကျမ်းတွင် သူက 'ကျွန်ုပ်သည် စက်ယန္တရားများ၏ ဆတက်ထမ်းပိုး တိုးတက်ကြီးပွား၍ အောင်ပွဲခံလာခြင်းကို ချီးမွမ်းထောမနာပြုရပေတော့မည်။

'လျှင်မြန်စွာ မောင်းနှင်သွားသော ပြိုင်ကားသည် ဆမိုသရေ၏ အောင်ပွဲခံနတ်သမီးရုပ်တုထက် အဆများစွာ ပိုမိုလှပသည်'ဟု သူက

mgyoe.com

mgyoe.com



ဆိုလိုက်လေသည်။ သူဆိုလိုသည်မှာ လူသားတို့အဖို့ အနာဂတ်ကာလ၌ စက်ယန္တရားကြီးများကိုသာ အမှီပြုအားထား၍ လူ့လောက တိုးတက်ဖွံ့ဖြိုးရေး၊ လူ့လောက သာယာဝပြောရေးကိစ္စများကို ဆောင်ရွက်ကြရပေ တော့မည်။ လူ့အနာဂတ်ဆိုသည်မှာ တခြား မဟုတ်တော့၊ စက်မှုထွန်းကားသော ဘဝပင် ဖြစ်သည်။ စက်မှုဘဝသို့ ရောက်သည်နှင့်အမျှ လူတို့၏ ရသခံစားမှု သဘောတို့သည်လည်း ပြောင်းလဲသွားပေတော့မည်။ ယခင်က အသေကြီးလို ငုတ်တုတ်ကြီး ရပ်နေသည့် ကျောက်ရုပ်လို အနုပညာ သို့မဟုတ် ရပ်နေ၊ ငြိမ်သက်နေ (သေနေ) သော အနုပညာမျိုးကို လူတို့သည် အရသာခံနိုင်ကြတော့မည် မဟုတ်။ လူတို့၏ ရသအာရုံတွင် ထိုအရာများကို ငြီးငွေ့သွားမည်။ အနုပညာ အသေများကို ဘယ်သူကမျှ လှသည်ဟု ထင်ကြတော့မည် မဟုတ်။ ရှင်သန်လှုပ်ရှားနေသော အနုပညာရုပ်များကိုသာ လူတို့ နှစ်သက်ကြပေတော့မည်။ စက်မှုဘဝကား အလွန် အလှုပ်အရှားများသော ဘဝ။ ရှင်သန်သော၊ တက်ကြွသော၊ ပေါ့ပါးသော၊ လျင်မြန်သော ဘဝမျိုး ဖြစ်သည်။ စက်မှုဘဝ၏ ရှင်သန်တက်ကြွ လျင်မြန်လှုပ်ရှားသော သဘာဝနှင့်အညီ အနာဂတ်၌ ပေါ်ပေါက်ရမည့် အနုပညာသည်လည်း လျင်မြန်တက်ကြွ ရှင်သန်လှုပ်ရှားသော နရီစည်းချက်ပါရမည်ဟု ဆိုလိုသည်။

သူ့ဝါဒသည် 'စက်မှုဒိုင်းနမစ်ဝါဒ' ဖြစ်သည်ဟုလည်း ဆိုကြသည်။ ဤကား အနာဂတ်ကြို စာပေအနုပညာဝါဒ၏ အခြေခံတရား ဖြစ်သည်။

၁၀။ စင်စစ် အနုပညာဆိုင်ရာ 'အနာဂတ်ကြိုဝါဒ'သည် မော်ဒန်နဇ္ဇင်းဟုခေါ်သော **ခေတ်ဆန်းဝါဒ**များအနက် တစ်ခု အပါအဝင် ဖြစ်သည်။ အနုပညာ၏ ပုံသဏ္ဌာန် ဆန်းသစ်ရေး၊ ဆန်းသစ်တီထွင်ရေး သက်သက်ကိုသာ ဦးစားပေးလွန်းပြီး

mgyoe.com

mgyoe.com


အနုပညာ၏ လူမှုလိုအပ်ချက်ကို မျက်ကွယ်ပြုလွှန်းသော ဝါဒ ဖြစ်သည်။ အနုပညာခံစားသူ ပရိသတ်နားလည်သည် ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမရှိသည် ဖြစ်စေ သူတို့သည် အလွန် လျင်မြန်တက်ကြွ လှုပ်ရှားဟန် ထက်သန်သော နရီစည်းချက် (အာရုံ) များ ဖြစ်ပေါ်ရေးကို လှုံ့ဆော်သည့် စိတ္တဇဆန်သော ဟန်သစ်များ ဖန်တီးရေးကိုသာ အာရုံပြုခဲ့ကြလေသည်။ ထို့ကြောင့် ဤစာတမ်းမှာ မာရီနက်တီ ၏ 'မင်နီဖက်စ်တို'တွင်ပါသော သဘောတရားများ အားလုံးကို မယူ၊ အခြေခံဒဿန သဘောမျှကိုသာ ယူကြောင်း ဝန်ခံပါ သည်။

၁၁။ တစ်ဖန် ဤစာတမ်း၏ အခြေခံဖြစ်သော 'သဘောမှန်ဝါဒ'၏ သဘောကိုတင်ပြရန် လိုပေဦးမည်။ သဘောမှန်ဝါဒဟူသည် အဘယ်နည်း။

သဘောမှန်ဝါဒဟူသည် ပရမတ္ထသစ္စာတရားများကို လည်း ကောင်း၊ သမုတိသစ္စာတရားများကို လည်းကောင်း ဟုတ်တိုင်းမှန်စွာ ထင်ဟပ်ပြသော အနုပညာဝါဒမျိုး အားလုံးကို ခေါ်ပါသည်။ ပရမတ္ထ နယ်၌ ရုပ်တရားများ၏ ဖြစ်ပျက်ပြုပြင်နေမှု၊ စိတ်စေတသိက်များ၏ ဖြစ်ပျက်ပြုပြင်နေမှု အားလုံးကို လည်းကောင်း၊ သမုတိသစ္စာနယ်မှ အတ္တပညတ်၊ နာမပညတ်များအားလုံး၏ ဖြစ်ပျက်ပြုပြင်မှုများကို လည်း ကောင်း၊ လူသား၏ ဉာဏ်မီသမျှဖြင့် ထိတွေ့ခံစားပြီးနောက် အနုပညာ ရှင်၏ ထက်သန်သော ပဋိဘာန်ဉာဏ်ဖြင့် ကွန့်မြူးတင်ပြခြင်း အားလုံး ကို သဘောမှန်ဝါဒဟု ဆိုပါသည်။

သို့ရာတွင် ဤဝါဒ၌ လက်ခံထားသော 'သဘောမှန်ဝါဒသစ်' ဟူရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်၏ ပကတိ ရုပ်ပိုင်းဘဝနှင့် စိတ်ပိုင်း

mgyoe.com

mgyoe.com


ဘဝ အခြေအနေများ အားလုံးထဲမှ ထိုလူ့အဖွဲ့အစည်း၏ တည်တံ့ခိုင်မြဲရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ သာယာဝပြောရေး၊ ငြိမ်းချမ်းသာယာရေးတည်းဟူသော ပြည်သူပရိသတ်တို့ လိုလားတောင့်တကြသည့် ဘဝဆန္ဒများနှင့် ဘဝခံစားချက်များကို အနုပညာရှင်က စေတနာရှေ့ထား၍ မှန်ကန်စွာ ရွေးချယ်တင်ပြသော အနုပညာစနစ်ကို ဆိုခြင်း ဖြစ်၏။

ထို့ကြောင့် ဤအနုပညာဝါဒသည် အမျိုးသားဟန် လက္ခဏာကို ဆောင်ယူသည်။ လူ့အဖွဲ့အစည်း တစ်ရပ်၏ ပကတိ ရေမြေသဘာဝနှင့် ဓလေ့ထုံးစံ ဘဝတန်ဖိုးများကို ကိုယ်စားပြုသည်။

သို့သော် သမုတိနယ်မှ ဘဝသစ္စာတရားတို့သည် အစဉ် ပြောင်းလဲ၍ ဖြစ်ပျက်နေကြကုန်သည်။ အဟောင်းတို့ ပြောင်းလဲသွားသော နေရာ တွင် အစဉ် အသစ်အဆန်းများက နေရာယူလျက် ရှိကြသည်ဟူသော ပဓာနအချက်ကိုလည်း အစဉ်နှလုံးသွင်းသည်။ ထိုအကြောင်းကြောင့် 'သဘောမှန် ဝါဒသစ်'သည် အနုပညာရှင်တို့၏ ဖန်ဆင်းမှု (ဝါ) ဆန်းသစ်သော ကြံစည်ဖန်တီးမှုကို အသိအမှတ်ပြုရုံမျှမက အလေးအနက် တန်ဖိုးထားသည်။

ဤ သရုပ်မှန်ဝါဒသစ်သည် အတိတ်နှင့် ပစ္စုပ္ပန်ကာလတို့၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်း အပြန်အလှန် ဆက်သွယ်မှုများ၊ ဖွဲ့စည်းဖြစ်ပေါ်မှုများကို အခြေခံထားသော်လည်း လူတို့မျှော်လင့်ထားသော အနာဂတ်ကို ပို၍ မျှော်မှန်းသည် အနာဂတ်ကာလ၌ မွေးဖွားရှင်သန်လာမည့် ဘဝ အစစ်အမှန် (သစ္စာ) တရားများကို ဤအနုပညာအမြင်တရားက ထင်ရှားစွာ ဖော်ကျူးမည် ဖြစ်သည်။

## ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အနာဂတ်

၁၂။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးဆဲ လူ့ဘောင်အဖွဲ့အစည်း ဆိုသည်မှာ လွတ်လပ်ရေးနှင့် တည်တံ့ခိုင်မြဲရေး၊ အမျိုးသား စည်းလုံး

mgyoe.com

mgyoe.com


ညီညွတ်ရေး၊ အချုပ်အခြာ အာဏာပိုင်စိုးရေးနှင့် တန်းတူညီမျှရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ရုန်းကန်လှုပ်ရှားလျက် အနာဂတ် လူ့ဘောင်သစ်ကို ကြိုးစားတည်ဆောက်နေကြသော နိုင်ငံ၊ လူ့အဖွဲ့အစည်းများ ဖြစ်ကြသည်။

၁၃။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ လူ့အဖွဲ့အစည်းများ ရင်ဆိုင်နေရသော ပြဿနာများနှင့် ယင်းတို့၏ ရည်မှန်းချက်များကို 'ဖွံ့ဖြိုးဆဲ လူမျိုးများ၏ အတွေးအခေါ် အယူအဆများ' (The Ideologies of the Developing Nations) ကျမ်းကို ပြုစုတည်းဖြတ်သူ ပါမောက္ခ ပေါလ်၊ အီး၊ ဆစ်ဂမန် ဂျူနီယာ (Paul E. Sigmund, Jr.) က အောက်ပါအတိုင်း သုံးသပ်ထားရာ မှန်ကန်သည်ဟု ယူဆ၍ ဤတွင် ဖော်ပြပါမည်။

'အမျိုးသား တိုးတက်ဖွံ့ဖြိုးရေးဆိုသော ဖွံ့ဖြိုးဆဲလူမျိုးများ၏ ခေါင်းဆောင်အများ ပြောဆိုနေကြသည့် စကားသည် အဓိကအားဖြင့် စီးပွားတိုးတက်ရေးကို ဆိုခြင်းပင် ဖြစ်ပါသည်။

'ထိုခေါင်းဆောင်များက ကမ္ဘာကြီး နှစ်ခြမ်းကွဲနေရသည့် အဓိက အကြောင်းရင်းသည်လည်း ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒ (လွတ်လပ်သော ဒီမိုကရေစီဝါဒ) စသော နိုင်ငံရေး အယူဝါဒ ကွဲပြားခြားနားခြင်းကြောင့်မဟုတ်၊ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း၊ စီးပွားဖွံ့ဖြိုးခြင်းနှင့် မဖွံ့ဖြိုးခြင်း၊ စက်မှုအတတ်ပညာ ခေတ်မီခြင်းနှင့် ခေတ်နောက်ကျခြင်း စသော ကွာဟချက်များကြောင့်သာ ဖြစ်ကြောင်း၊ ယင်းသို့ လူမှုအဆင့်အတန်း ကွာဟလွန်းမှု ပပျောက်စေရန် ဖန်တီးနိုင်မည့် အဓိက သော့

mgyoe.com

mgyoe.com


ချက်သည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုပင် ဖြစ်သည်။ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးဟူရာတွင်လည်း စက်မှုထွန်းကားခြင်းပင် ဖြစ်သည်ဟု ယူဆလျက် ရှိကြလေသည်။

'ယင်းခေါင်းဆောင်တို့သည် စက်မှုလက်မှု ထူထောင်ရေးကို ဆောင်ရွက်သောအခါ၌မူကား အမေရိကန် ပြည်ထောင်စု၊ ဥရောပ စက်မှုနိုင်ငံများနှင့် ဂျပန်နိုင်ငံ စသော (အရင်းရှင်) နိုင်ငံများ၏ နမူနာကိုမယူကြဘဲ ကိုယ့်နည်းကိုယ့်ဟန်များဖြင့်သာ ဆောင်ရွက်တတ်ကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ ခေါင်းဆောင်တိုင်းသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို လျင်မြန်သော အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းသည်လည်း ဆိုရှယ်လစ် နည်းလမ်းသာ ဖြစ်သည်ဟုလည်း ခံယူ ကျင့်သုံးတတ်ကြလေသည်။ အရင်းရှင်ဝါဒကို ငြင်းပယ်၍ ဆိုရှယ်လစ်ဝါဒကို နှစ်သက်လက်ခံကြခြင်းသည် ကိုယ်ကျင့် တရားအကြောင်းကိစ္စနှင့် စီးပွားရေး အကြောင်း ကိစ္စနှစ်ရပ်ကြောင့် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ လက်ခံကျင့်သုံးသော ဆိုရှယ်လစ်ဝါဒသည် အမြတ်ထုတ်ခြင်းကင်း၍ တရားမျှတခြင်းကို အခြေခံသော လူ့အဖွဲ့အစည်း တစ်ရပ်ကို တည်ဆောက်နိုင်ရန်ပင် ဖြစ်၏။ သို့ဖြစ်သောကြောင့် အဆင်အခြင်ကင်းသော ပရမ်းပတာ ရောင်းဝယ်ဖောက်ကားမှုအစား စီမံကိန်းချ၍ ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ခြင်း၊ အမြတ်ထုတ်၍ စွန့်စားယှဉ်ပြိုင်ကာ တိုင်းတစ်ပါးကို ကျူးကျော်လိုမှုများကို ဆန့်ကျင်သည့် စက်မှုနိုင်ငံ ထူထောင်ခြင်းမျိုးကိုသာ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းလိုပင် ရည်မှန်းချက်ထား၍ ဆောင်ရွက်နေကြပါသည်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနိုင်ငံတိုင်းသည် အထက်ပါ

mgyoe.com

mgyoe.com


ရည်မှန်းချက်ထားကြရာ၌ တူညီကြပါသည်။ ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်တတ်ကြလေသည်'

## ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ၏ သဘောမှန်များ

၁၄။ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းဆိုသည်မှာ အကျဉ်းအားဖြင့် 'ဆင်းရဲ၍ ခေတ်နောက်ကျသော အဖွဲ့အစည်း'ကို သင့်အောင် ခေါ်သော စကားရပ် ဖြစ်သည်။

၁၅။ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ၏ ယေဘုယျလက္ခဏာ (သဘောသရုပ်)များမှာ အောက်ပါအတိုင်း ဖြစ်သည်။ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းတိုင်းသည်...

- ဝင်ငွေနည်းသည်။
- လယ်ယာကုန်ထုတ်လုပ်ငန်းကို အဓိက အခြေစိုက်ကြသည်။
- လုပ်အားအခြေစိုက် ထုတ်ကုန်အားကိုး စက်မှုမျိုးသာ ရှိသည်။
- လူဦးရေ အတိုးနှုန်းမြန်ပြီး ထုတ်လုပ်မှု အလုပ်ခွင်ရှားပါးသည်။ ထို့ကြောင့်...
- အလုပ်လက်မဲ့ များသည်။
- ရသမျှဝင်ငွေ (လုပ်ခ)သည် စားရုံဖြင့်ကုန်သည်။
- ခေတ်မီအတတ်ပညာ နည်းသစ်များ ချို့တဲ့သည်။
- ကျန်းမာရေး အဆင့်နိမ့်ကျသည်။
- ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများ၏ အကူအညီပေးမှုအပေါ် ပို၍ မှီခိုနေရသည်။

mgyoe.com

mgyoe.com


- ကြွေးပိသော စီးပွားရေးဝန်ထုပ်ဖိအားကို ခံနေရသည်။
- ကမ္ဘာ့ဈေးကွက်တွင် အနိမ့်ခံအဆင့်ဖြင့်သာ ကုန်သန်း ရောင်းဝယ်ရသည်၊ မယှဉ်ပြိုင်နိုင်။
- အထွေထွေ အကျပ်အတည်းများကြောင့် ပြည်တွင်း မငြိမ်သက်မှု များသည်။
- အချို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်ပစစ်ကျူးကျော်ဖက်မှုဒဏ်၊ စီးပွားရေး အရေးယူပိတ်ဆို့မှု ဒဏ်များကိုပါ ခံနေရသည်။
- ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများ ကြုံလာသောအခါ ထိုဒဏ်ကို ထိုဖွံ့ဖြိုးဆဲတို့ အများဆုံးခံရသည်။
- အလုပ်ကို အကြောင်းပြု၍ တောသူတောင်သားများ မြို့ပြသို့ ရွှေ့ပြောင်းမှုနှုန်း များသည်။
- ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး ကျော်နင်းမှုနှင့် ယဉ်ကျေးမှုထိုးဖောက်ကျော်နင်းမှုကို ခံစားရသည်။

၁၆။ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ၏ 'အကျိုး'ဆိုသည်မှာ အထက်ဖော်ပြပါ အထွေထွေ အကျပ်အတည်း အခက်အခဲများကို ကျော်လွှန်ရေးပင် ဖြစ်သည်။

၁၇။ 'လူ့ဘောင်သစ် တည်ဆောက်ရေး'ဆိုသည်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အနာဂတ် မျှော်လင့်ချက် (ရည်မှန်းချက်) ဖြစ်သည်။

၁၈။ 'အနာဂတ်ကြို သဘောမှန်ဝါဒသစ်'သည် ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းများ ပက်ပင်းကြုံနေသော အထက်ပါ အခက်အခဲ၊ အကျပ်အတည်းမှ ကျော်လွှန်ထွက်မြောက်ရေးအတွက် လည်းကောင်း၊ 'လူ့ဘောင်သစ် တည်ဆောက်ရေး' မျှော်လင့်ချက်များ ရှင်သန်နိုးကြားလာရေးအတွက် လည်းကောင်း အနာဂတ်တွင် ပိုမိုကောင်းမွန်သော ဘဝအစစ်အမှန် (သစ္စာ) တရားများကို

mgyoe.com

mgyoe.com



အနုပညာခံစားသူ ပရိသတ်၏ နှလုံးသား၌ တမ်းတအောင် ကြည်နူးနှစ်သိမ့်အောင်၊ ယုံကြည်သက်ဝင်အောင်၊ ဆန်းသစ်၍ ရှင်သန်လှုပ်ရှားတက်ကြွသည့် နည်းနိဿယ (ဒိုင်းနမစ် ပုံစံ) ဖြင့် ထင်ရှားအောင် ဖော်ကျူးသော အနုပညာ လုပ်ငန်းလုပ်ဟန် ဖြစ်သည်။

## အနာဂတ်ကြို သဘောမှန်ဝါဒ၏ ခံယူချက်

၁၉။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အမျိုးသားတိုးတက်ရေး (စီးပွားတိုးတက်ဖွံ့ဖြိုးရေး) သည် ထိုလူ့အဖွဲ့အစည်းများ၌ ကျယ်ပြန့်သော 'စက်မှုဘဝသစ်'ကို (မည်သည့်နည်းလမ်း၊ စနစ်ဖြင့်ဖြစ်စေ) တည်ဆောက်နိုင်မှုအပေါ်တွင် တည်သည်ဟု ဤဝါဒက ခံယူသည်။

၂၀။ နိုင်ငံရေး တည်ငြိမ်မှု မရှိသော်လည်း တိုးတက်ကြီးပွားသော အီတလီလိုနိုင်ငံကို ကြည့်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး တိုးတက်ကြီးပွားလိုကြသော အရှေ့ဥရောပ (ဆိုရှယ်လစ်) နိုင်ငံများကို ကြည့်ခြင်းအားဖြင့် လည်းကောင်း လူ့ဘောင် အဖွဲ့အစည်း တစ်ခုတွင် ကျယ်ပြန့်သော စက်မှုဘဝကို ထူထောင်နိုင်ခြင်းမှာ ထိုလူ့အဖွဲ့အစည်းများအဖို့ မရှိမဖြစ် လိုအပ်သော ခေတ်မီအတတ်ပညာနည်းနာများ (Technical Know-how) ကို အလုံအလောက်ရရှိခြင်း၊ ထိုအတတ်ပညာ ဆန်းများဖြင့် တည်ဆောက်မှသာ မိမိတို့ ဘဝမှချတိုးတက်ကြီးပွားမည်ဟူသော ယုံကြည်မျှော်လင့်ချက်ကို ခိုင်မာမြဲမြံစွာ ထားရှိနိုင်ခြင်းနှင့် ရိုးသားစွာ မဖြစ်မနေ ဖွဲလုံ့လဖြင့် ဝိုင်းဝန်းကြိုးပမ်းကြခြင်းကြောင့်သာ ဖြစ်သည်ဟုလည်း ရှုမြင်သုံးသပ်ပါသည်။

mgyoe.com

mgyoe.com


၂၁။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စက်မှုဘဝသစ် ဖြစ်ပေါ်အောင် တည်ဆောက်သောအခါ တည်ဆဲမတိုးတက်ရသည့်အကြောင်းများ၊ အခြေအနေများ၊ အရှိတရားများ၊ သဘောသဘာဝများ အားလုံးကို ပြောင်းလဲစေရသည်။ ဖျက်သိမ်းသင့်သည်ကို ဖျက်သိမ်းစေရသည်။ ရွှေ့ဆိုင်းသင့်သည်ကို ရွှေ့ဆိုင်းစေရသည်ဆိုသော 'ပြောင်းလဲခြင်း သဘောမှန်များ' ကိုလည်း အစစ်အမှန် (သစ္စာ) တရားများပင် ဖြစ်သည်ဟု ဤအနာဂတ်ကြို သဘောမှန်ဝါဒက ခံယူသည်။

၂၂။ အဟောင်းနှင့်အသစ် ပြောင်းလဲဖြစ်ပေါ်ရာတွင် သဘာဝအရ ဖြစ်တတ်သော အခက်အခဲများ၊ အတားအဆီးများ ကြုံရသောအခါ ၎င်းကို ယုတ္တိအမြင်ဖြင့် ဆင်ခြင်သုံးသပ်အပ်သော အနုပညာရှင်၏ ပဋိဘာန်ဉာဏ်ကွန့်မြူးမှုဖြင့် လူသားများက ထိုအခက်အခဲများကို ရင်ဆိုင်ရဲအောင်၊ ကြံ့ခိုင်သော စိတ်ဖြင့် ကျော်လွှားနိုင်အောင် အနာဂတ်ကြို စာပေအနုပညာ သဘောမှန်ဝါဒသစ်က ထင်ရှားစွာ ဖော်ကျူးမည် ဖြစ်ပါသည်။ သို့သော်လည်း လူ့ပယောဂကြောင့်ဖြစ်သော အကျင့်ပျက်မှုများ၊ ဆိုးရှုံးနစ်နာမှုများကိုမူကား လူအများ ရွံမုန်းအောင်၊ မသတီအောင်၊ ရှက်တတ်အောင် အနုပညာရှင်၏ ရိုးဖြောင့်သော စိတ်စေတနာမှန် (မွန်မြတ်သော ယောနိသော မနသိကာရ)ဖြင့် သံဝေဂဖြစ်ဖွယ်၊ ထိတ်လန့်ဖွယ်၊ တုန်လှုပ်ဖွယ် ရသပါသော ဖန်တီးချက်များဖြင့် ဤအနုပညာသစ်ကို ဖော်ထုတ်ရမည် ဖြစ်သည်။

၂၃။ 'ဤအနုပညာဝါဒသည် အမျိုးသားဟန် လက္ခဏာကိုသာ ဆောင်ယူသည်။ လူ့အဖွဲ့အစည်းတစ်ရပ်၏ ပကတိရေမြေ

mgyoe.com

mgyoe.com



သဘာဝနှင့် ခလေ့ထုံးစံတန်ဖိုးများကို ကိုယ်စားပြုကြောင်း' (အပိုဒ်–၁၁) ဖော်ပြခဲ့ပြီးဖြစ်ရာ ဤအမြင်တွင် အမျိုးသား အချင်းချင်း စိတ်ဝမ်းကွဲစေသည့် အမျိုးသားအချင်းချင်း နှိပ်စက်ကလူ ပြုမူလိုသည့်အခါ လက်နက်အဖြစ်သုံးမည့် မည်သည့် ရန်လိုသည့်အမြင် (ဝါဒ၊ အယူအဆ) မျိုးကိုမှ (အဂတိကင်းသော အယူအဖြစ်) လက်ခံမည် မဟုတ်ချေ။ အဒေါသစေတနာကိုသာ 'အလှတရား' အဖြစ် ခံယူသည်။

၂၄။ ကျန်းမာသောကိုယ်သည် အပြစ်အနာကင်းသကဲ့သို့ ကျန်းမာသော စိတ်သည်လည်း အပြစ်အနာကင်းသော စိတ်ပင် ဖြစ်သည်။ အပြစ်အနာကင်းသောစိတ်က မွေးဖွားလာသော အနုပညာ သန္တာသားသည်လည်း (မျိုးရိုးလိုက်သော အနာကင်းသည်ဖြစ်၍) ကျန်းမာသန်စွမ်းသော အနုပညာ ဖြစ်သည် ဟူ၍ ဤဝါဒက လက်ခံယူဆသည်။

၂၅။ ကျန်းမာသန်စွမ်းသူသည် မိမိစားသုံးသည်ထက် ပို၍ ထုတ်လုပ်နိုင်သည်။ ကျန်းမာသန်စွမ်းခြင်း မရှိသောသူသည် မိမိထုတ်လုပ်သည်ထက် ပို၍ စားသုံးသည် ဟူသော ဘဝ၏ အမှန်တရားကို အနုပညာဖန်တီး ထုတ်လုပ်ခြင်း၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်ဟု ဤအနုပညာဝါဒက ရှုမြင်ပါသည်။

၂၆။ စိတ်ကျန်းမာသော အနုပညာရှင်များသာလျှင် တစ်ဇာပွတ္တိဉာဏ်၊ ပဋိဘာန်ဉာဏ် ရှင်သန်ထက်မြက်ရကား ထိုသို့သော အနုပညာရှင်မျိုးသည်သာ အဆင့်မြင့် အတတ်ပညာများ အပေါ်တွင် အခြေခံထားသော အနာဂတ် စက်မှုဘဝသစ်တွင် ထွန်းပလာမည့် 'စက်မှုအနုပညာသစ်' (New Industrial

mgyoe.com

mgyoe.com


Art) ၏ နက်ရှိုင်းကျယ်ဝန်းလှသည့် သဘောများကို ရှာဖွေဖော်ထုတ်နိုင်သည်။ ကြံစည်ဖန်တီးနိုင်သည်ဟု နားလည်သည်။

၂၇။ စက်မှုအနုပညာသစ်ကို ကြံစည်ဖန်တီးနိုင်သော အနုပညာရှင်သည် စားသုံးသူ ပရိသတ်၏ အကြိုက်များစွာကို ဖန်တီးထုတ်လုပ်ကာ စက်မှုဘဝသစ်၏ တိုးတက်ထွန်းကား ကြီးပွားမှုကိုပါ ဦးဆောင်သူ၊ တွန်းတင်သူအဖြစ် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို ထုတ်ဖော်ပြသနိုင်သည်။ (ဂျပန်ကားများ၊ ဟွန်ဒါဆိုင်ကယ်များ၊ ဆီကိုနာရီ၊ တယ်လီဗီးရှင်းများ နိုင်ငံတကာဈေးကွက်တွင် လူကြိုက်များနေခြင်းမှာ ပစ္စည်းပိုကောင်း၍မဟုတ်၊ ၎င်းတို့အလှကို ဖန်တီးရာတွင် ထက်မြက်ခြင်းကြောင့် လူကြိုက်များနေသည်ကို သတိပြုသင့်ပါသည်။)

## အမှန်တရားအသစ်များနှင့် အနုဘာဝအသစ်များ

၂၈။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အမျိုးသားတိုးတက်ရေး စီမံဆောင်ရွက်ချက်များကို အစပျိုးသည်နှင့် ထိုနိုင်ငံများ၏ ပင်မစီးပွားရေးအခြေခံဖြစ်သော လယ်ယာမြေပေါ်သို့ စက်မှုဘဝ စတင်ရောက်ရှိလာမည် ဖြစ်ပါသည်။ ထိုအခါ အများစုဖြစ်သော လယ်သမား (ကျေးလက်နေ ပြည်သူများ) မှာလည်း (မြို့နေစက်ရုံ အလုပ်သမားများကဲ့သို့) စက်များနှင့် ဆက်စပ်သော အတွေ့အကြုံသစ်များ ရရှိလာမည် ဖြစ်ပါသည်။ စက်မှုဘဝသစ်က လူမှုဆက်ဆံရေး ဘဝသစ်ကိုပါ ဖန်တီးဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင် အခြေအနေသစ်များက ကျေးလက်ဘဝ၏ ခံစားချက်အသစ်များကို ပြောင်းလဲဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


၂၉။ ထိုအခါ၌ ကျေးလက်တောရွာများတွင် ယခင် မပေါ်ပေါက်ဖူးသော မြို့ပြခံစားချက်များ၊ မြို့ပြဆန္ဒသစ်များ၊ မြို့ပြဆန်သော အတွေးသစ်များ၊ အမြင်သစ်များ၊ မဆိုင်းမတွ ဖြစ်ပေါ်လာကြမည် ဖြစ်ပါသည်။ နိုင်လွန်ကတ္တရာလမ်း၊ လျှပ်စစ်မီးတိုင်၊ ကက်ဆက်၊ ရေဒီယို၊ ဗွီဒီယို၊ ဆေးရုံကျန်းမာရေးဌာန၊ အထက်တန်းကျောင်း၊ ထွန်စက်၊ ရေစုပ်စက်၊ ပဲ့ချိတ်စက်၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ ဒစ်ဂျစ်တယ် (ဓာတ်ခဲ) နာရီ၊ ပိုလီယက်စတာ အထည်အလိပ်များ၊ ခလုတ်နှိပ်ခေါက်ထီး၊ ခေတ်မီ ဆံပင်ကောက်ဆိုင်များသည် တောနေ ပြည်သူများ၏ လိုအင်ဆန္ဒများ ဖြစ်လာသည်ကို သတိပြုသင့်ပါသည်။

၃၀။ အရုဏ်သည် နေ့သစ်ကို ဆောင်ယူလာသကဲ့သို့ တပေါင်းလေသည် ဆန်းသစ်သော နွေရနံ့ကို သယ်ဆောင်လာသကဲ့သို့ အနာဂတ်သည် အသစ်အဆန်းများစွာကို သယ်ဆောင်ယူလာမည့် ဧည့်သည်အဖြစ် လူတို့ မျှော်လင့်ကြိုဆိုကြပါလိမ့်မည်။ အသစ်အဆန်းမပါဘဲ လာသော အနာဂတ်မျိုးကို လူတို့ ကျောပေးခေါင်းခါ မလိုတမာ ဖြစ်ကြပါလိမ့်မည်။ အနာဂတ်ကြိုသဘောမှန်ဝါဒသည် ဆန်းသစ်ခြင်းမှန်သမျှကို လူသားတို့၏ စိတ်အာဟာရအဖြစ် သဘောထားပါသည်။ အားရှိသော စိတ်ရှိသော လူသားဖြစ်ပေါ်ရေးအတွက် အားရှိသော စိတ်အစာကို ကျွေးရန်မှာ ဤအနုပညာဝါဒ၏ ကြီးမားကျယ်ပြန့်သော တာဝန် ဖြစ်သည်ဟုလည်း ခံယူပါသည်။

၃၁။ ဖွံ့ဖြိုးစနိုင်ငံများတွင် စက်မှုဘဝ စတင်သည်မှစ၍ ဖွံ့ဖြိုးပြီးနိုင်ငံတို့မှ လွင့်ပျံလာသော ရသာနုဘာဝနရသ အတွေ့အကြုံအသစ်များနှင့် အနုဘာဝခံစားချက် အသစ်များ၏ ရိုက်ခတ်ခြင်း ဒဏ်ကိုလည်း မလွှဲမရှောင်သာ ခံကြရမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


၃၂။ ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အတွင်းအပမှ အုံကြွဖြစ်ပေါ်လာမည့် ခံစားချက် လှိုင်းသစ်များ၊ ဆန္ဒအိပ်မက်သစ်များကြောင့် ထိုလူ့အဖွဲ့အစည်းများတွင် 'တိုးတက်ရေး' အမြင်များနှင့် 'တည်တံ့ရေး' အမြင်များသည်လည်း အားပြိုင်ကာ ရင်ဆိုင်လာရသော ပြဿနာ ဖြစ်လာမည် ဖြစ်ပါသည်။

## တိုးတက်ရေး၊ တည်တံ့ရေး ပြဿနာ

၃၃။ လူ့ဘောင်သစ်ကို တည်ဆောက်နေကြသည့် ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများသည် အနာဂတ်လူ့ဘောင် တိုးတက်ရေးကို အတားအဆီး အခုအခံ ဖြစ်လျက်နေသော အတွေးအခေါ်ဟောင်းများ၊ ဓလေ့ထုံးစံဟောင်းများ၊ ဥပဒေဟောင်းများ၊ စနစ်ဟောင်းများကို ပြောင်းလဲ၍ အတွေးသစ်၊ ဓလေ့ထုံးစံသစ်၊ ဥပဒေသစ်၊ စနစ်သစ်များ ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်ကြပေလိမ့်မည်။

၃၄။ ထိုအခါ အဟောင်းတို့၏ နေရာသို့ ဝင်ရောက်လာသော အသစ်အဆန်းများ၏ အရှိန်အဟုန်နှင့် ဩဇာသက်ရောက်မှု 'အား'မှာ အဆမတန် ကြီးမားမည်။ ထိုတိုးတက်မှုအရှိန်အဟုန်သည် မြက်ခြောက်တောကို မီးလောင်သကဲ့သို့ 'လျှင်မြန်'မည်။ ထိုအခါ လူ့ဘောင်၏ တည်တံ့ရေး (လွတ်လပ်ရေး၊ အချုပ်အခြာ အာဏာပိုင်စိုးရေး၊ အမျိုးသား လက္ခဏာ ရှင်သန်ခိုင်မြဲရေး) အတွက် အခြေခံမှုများကို ထိန်းသိမ်းရေးပြဿနာ ပေါ်မည်။

၃၅။ အနာဂတ်ကြို သဘောမှန်ဝါဒသစ်သည် လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် တွန်းအားဖြစ်သော အနုပညာဖန်တီးမှု လုပ်

mgyoe.com

mgyoe.com



နည်းလုပ်ဟန်ကို ဖော်ဆောင်မည်။ ထို့အတူ လူ့ဘောင် အရှည်တည်တံ့ရေးအတွက် လိုအပ်သော အခြေခံမှုများကို ထိန်းသိမ်းကာကွယ်မည်၊ အမျိုးသား လက္ခဏာကိုလည်း ဆောင်ယူမည်ဖြစ်သည်။

၃၆။ တစ်နည်းဆိုသော် အနာဂတ်ကြို သဘောမှန်ဝါဒသစ်သည် နိုင်ငံတကာ လူ့အဖွဲ့အစည်းအတွင်း၌ လူ့အဖွဲ့အစည်း တစ်ခုချင်းအလိုက် ဖွံ့ဖြိုးရေးကို ရှာဖွေကြရာ၌ နိုင်ငံတကာ စာပေ၊ အနုပညာလှုပ်ရှားမှု၊ တိုးတက်မှု၊ ဖန်တီးမှု၊ စက်မှု အတတ်ပညာ နည်းနာဆန်းသစ်မှုများနှင့် ၎င်းတို့၏ အကျိုးဆက်များကို မျက်ခြည်မပြတ် လေ့လာမည်၊ အမျိုးသားအမြင်ဖြင့် စိစစ်မည်။ ထိုနောက် စာပေအနုပညာဟန်သစ် တစ်ရပ်ကို ကြံစည်ဖန်တီးရန် အားထုတ်မည် ဖြစ်ပါသည်။

၃၇။ 'တိုးတက်ရေး'နှင့် 'တည်တံ့ရေး'ဟူသော (အမျိုးသား) လူမှုတာဝန်ကို ဤဝါဒက ထမ်းဆောင်ရာတွင် ကြံစည်ဖန်တီးနိုင်ခြင်းကို ဦးစားပေး၍ စိစစ်ဝေဖန်ခြင်း (ဝိဘဇ္ဇ)ကို တန်ဖိုးထားမည် ဖြစ်ပါသည်။

၃၈။ လူမှုအဆောက်အအုံ၏ မည်သည့် အစိတ်အပိုင်း၌မဆို 'အမှိုက်' ဖြစ်သွားသော အဟောင်းအဆွေးများကို စွန့်ပစ်ခြင်း၌ ဝန်မလေးသင့်၊ လက်မနှေးသင့်ဆိုသော အတွေးအမြင်ကို လက်ခံသည်။ 'အမွေ'ဖြစ်ထိုက်သော ရှေးကျသော ပစ္စည်းများ၊ အနုပညာများ၊ စာပေများ၊ အယူအဆများကိုမူ တန်ဖိုးထားရမည်။ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည် ဆိုသည့် အယူကိုလည်း လက်ခံကျင့်သုံးမည် ဖြစ်ပါသည်။

၃၉။ လူ့အဖွဲ့အစည်း၏ တိုးတက်မှုကိုလည်း အထောက်အပံ့ မဖြစ်၊ တည်တံ့ရေးအတွက်လည်း အသုံးမဝင်။ ထိုအရာများ ရှိနေ

mgyoe.com

mgyoe.com


ခြင်းဖြင့် ရှုပ်ထွေးမှု၊ ဝန်လေးမှု၊ ကျပ်တည်းမှု၊ စိတ်မသန့်မှု၊ ပင်ပန်းမှု၊ မညီမညွတ်မှုကိုသာ ဖြစ်စေသည်။

တစ်နည်း တိုးတက်မှု၏ အရှိန်အဟုန်ကို ဟန့်တားသည်၊ နှေးကွေးမှုကိုသာ ဖြစ်စေသည်။ အသုံးလည်းမဝင်၊ အမြင်လည်း မလှ ဖြစ်လျှင် ထိုအရာကို စာပေ၊ အနုပညာ၏ 'အမှိုက်'ဟု သဘောထားပါသည်။

၄၀။ ထိုစာပေ၊ ထိုအနုပညာသည် ရှေးကျသည်၊ ကာလကြာမြင့်ပြီ ဖြစ်သည်။ သို့သော် ယခုတိုင် ထူးခြားသော အမျိုးသားဟန် ရှိသည့် အမျိုးသားလက္ခဏာကို ဆောင်သည်။ လူမှု တိုးတက်ရေးကို အဟန့်အတားလည်း မပြု၊ ယခုတိုင်အောင်လည်း ပြည်သူတို့က နှစ်သက်ဆဲဖြစ်သည်။ တန်ဖိုးထားဆဲ ဖြစ်သည်။

တစ်ဖန် ထိုအရာများကို ပယ်ပစ်ခြင်းဖြင့် အမျိုးသားရေးတွင် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သည်။ လူ့ဘောင်၏ တည်တံ့ရေးကို ထိခိုက်စေနိုင်သည်ဖြစ်လျှင် ထိုအရာ၊ ထိုစာ၊ ထိုအနုပညာသည် အစဉ် အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းအပ်သော ယဉ်ကျေးမှုတန်ဖိုး (ဝါ) 'အမွေ' ဟု သဘောထားပါသည်။

## ခေတ်ရေစီးကြောင်း၏ သဘော

၄၁။ 'ခေတ်'ဟူသော ဝေါဟာရကို တစ်စုံတစ်ခုသော အယူအဆ၊ အုပ်စိုးမှု၊ ဟန်၊ ကြိုက်နှစ်သက်မှု ထွန်းကားပေါ်ပေါက်၍ ပြန့်ပွားရာကာလ အခိုက်အတန့်ဟု ဤဝါဒက နားလည်၍ လက်ခံပါသည်။ ခေတ်မှန်သမျှတို့သည် အစဉ်ထာဝရ တည်မြဲ ခြင်းသဘော မရှိ၊ အခိုက်အတန့်မျှသာ တည်တံ့ကြသည် ဟူ၍ လည်း ယထာဘူတကျစွာ ရှုမြင်၍ သဘောကျပါသည်။ ဆန်း

mgyoe.com

mgyoe.com



သစ်ခြင်းဖြင့် ခေတ်တို့သည် ပြောင်းလဲနေကြသည်ဟု သဘော မြင်ပါသည်။

၄၂။ ပစ္စုပ္ပန်ကာလတိုင်းသည် ခေတ်တစ်ခေတ်စီ ဖြစ်ပါသည်။ ခေတ်တိုင်းတွင်လည်း ရေစီးကြောင်းသဖွယ် စီးဆင်းလာ သော 'ကြိုက်နှစ်သက်မှု'တစ်မျိုးစီ ရှိကြသည်ဟု နားလည်ပါသည်။

ရေစီးကြောင်းတို့သည် အဟုန်ဖြင့် ဖြစ်ပေါ်စီးဆင်းလာကြ ပြီးနောက် နောက်ထပ် ရေစီးကြောင်းအသစ်တစ်ခု ဖြစ်ပေါ်လာသော အခါ မူလ ရေစီးကြောင်းသည် မှိန်ပျောက်သွားလေ့ရှိသကဲ့သို့ ခေတ် ရေစီးကြောင်းများလည်း ထို့အတူ ဖြစ်သည်ဟု သဘောထားပါသည်။

၄၃။ နိုင်ငံတကာ မိသားစုကြီးအတွင်း၌ ဖြစ်ပေါ်လာတတ်သော ခေတ်ရေစီးကြောင်းတို့သည် သမုဒ္ဒရာကြီးများအတွင်း၌ ဖြစ် ပေါ်တတ်သော ရေစီးကြောင်းများပမာ တစ်ခုသော သမုဒ္ဒရာ တစ်နေရာကဖြစ်ပြီး တခြား သမုဒ္ဒရာ တစ်နေရာသို့ ဘောင် အကန့်အသတ်မဲ့ အလွတ်အလပ် စီးဆင်းတတ်သလို နိုင်ငံ နယ်နိမိတ်၊ ယဉ်ကျေးမှုနယ်နိမိတ်၊ ဘာသာအယူဝါဒ၊ နိုင်ငံရေး အယူဝါဒ နယ်နိမိတ်အားလုံးကို ကျော်ဖြတ်ကာ 'ခေတ်ရေစီး ကြောင်း'များ စီးဆင်းနေသည်ကိုလည်း ဤဝါဒက သဘောမှန် အတိုင်း သဘောပေါက်ပါသည်။

၄၄။ တစ်ခါတစ်ရံ တစ်ခုသော သမုဒ္ဒရာ၌ ဖြစ်ပေါ်လေ့ရှိသော ရေပူစီးကြောင်းကြောင့်ဖြစ်စေ၊ ရေအေးစီးကြောင်းကြောင့် ဖြစ်စေ ပတ်ဝန်းကျင်ဒေသများ၌ ရာသီဥတု အပြောင်းအလဲ များ၊ ရာသီဥတု ဖောက်ပြန်မှုများ ဖြစ်ပေါ်ကာ သဘာဝ အန္တရာယ်များ ကြုံရတတ်သကဲ့သို့ တစ်ခါတစ်ရံ နိုင်ငံတကာ မိသားစု တစ်နေရာရာက စတင်ပေါ်ပေါက်သော ခေတ်ရေစီး

mgyoe.com

mgyoe.com


ကြောင်း (အပူအအေး) တို့ကြောင့် ၎င်းရေစီးကြောင်း ဩဇာ သက်ရောက်မှု ဒေသများ၊ လူ့အဖွဲ့အစည်းများတွင် လူမှုရေး ဖောက်ပြန်မှု အန္တရာယ်များလည်း ဖြစ်ပေါ်လာတတ်သည်ကို ဤဝါဒက နားလည်ထားပါသည်။

၄၅။ စာပေအနုပညာမှာ 'ပြီးဆုံးခြင်း' ဆိုသော တရားနှင့် 'ပြည့်စုံခြင်း'ဆိုသော တရားသည် ရှိလည်းမရှိ၊ ရှိလည်း မရှိနိုင်ဟု ဤဝါဒက မှတ်ယူသည်။

ပြီးဆုံးခြင်းနှင့် ပြည့်စုံခြင်း တရားတို့သည် 'တိုးတက်ခြင်း' ၏ အပိတ်အပင်တရားများ၊ ဆန့်ကျင်ဘက်တရားများသာ ဖြစ်ကြသော ကြောင့် အနာဂတ်ကြို သဘောမှန် ဝါဒသစ်သည် ထိုတရားများကို နှစ်သက်ခြင်းလည်း မရှိပါ၊ လက်ခံခြင်းလည်း မရှိပါ။ အနာဂတ် ဆို သည်မှာ အဆုံးမရှိခြင်းကိုသာ ဆိုခြင်းဖြစ်သည်ဟု နားလည်သင့်ပါ သည်။

၄၆။ လောက၌ ဖြစ်ပျက်သော အရာခပ်သိမ်းတို့တွင် တန်ဖိုးအားဖြင့် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် တွဲယှဉ်၍သာ ဖြစ်ပျက်မြဲ ဓမ္မတာဖြစ်သကဲ့သို့ စာပေ၊ အနုပညာတို့၏ ခေတ်ရေစီး ကြောင်း ဖြစ်ပေါ်မှုများမှာလည်း အကောင်းနှင့်အဆိုး၊ အကျိုး နှင့်အပြစ် တွဲယှဉ်၍သာ ဖြစ်ပေါ်စီးဆင်းတတ်မြဲ ဓမ္မတာရှိသည် ကိုလည်း ဤဝါဒက သဘောပေါက်ပါသည်။ ထို့ကြောင့် ဤဝါဒသည် ခြောက်ပြစ်ကင်း သဲလဲစင်ဆိုသော အမြင်တရား ကို လက်မခံပါ။ စာပေအနုပညာ ခေတ်ရေစီးကြောင်းများ ဖြစ်ပေါ်မှုတွင်လည်း (အတွင်းက ဖြစ်ပေါ်သည်ဖြစ်စေ၊ အပြင် အပက ဖြစ်ပေါ်စီးဆင်းလာသည် ဖြစ်စေ) အကောင်းနှင့် အဆိုး၊ အကျိုးနှင့်အပြစ် ယှဉ်ပူးနေမည်သာ ဖြစ်သည်ဟု လက် ဦးမဆွကပင် ရှုမြင်ထားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



၄၇။ အတွင်းကဖြစ်သော 'အမှိုက်'များကို စွန့်လွှတ်ပစ်ပယ်ရန် ဝန်မလေးသကဲ့သို့ အပြင်က မျောပါလာသော 'ဒိုက်' များကို ခုခံတားဆီးရန်ကိုလည်း ဤဝါဒက နှောင့်နှေးမည် မဟုတ်ပါ။

၄၈။ အတွင်းကရရှိသော 'အမွေ'များကို ထိန်းသိမ်းရန် တာဝန်ယူသလို အပြင်က သယ်ပိုးလာသော လက်ဆောင်အကျိုးစီးပွားများကိုလည်း ကြိုဆိုလက်ခံယူမည် ဖြစ်ပါသည်။

၄၉။ စာပေအနုပညာ ယဉ်ကျေးမှု အမွေကို ဆက်ခံထိန်းသိမ်းရေးသည် အမျိုးသားဘဝ တည်တံ့ခိုင်မြဲရေးအတွက် ဖြစ်သည်။ အပြင်မှ ရောက်လာသော ခေတ်လက်ဆောင်သစ်များကို လက်ကမ်းကြိုဆို၍ မိမိတို့ဘဝ သာယာရေး၊ ကြွယ်ဝရေး အတွက် အသုံးချခြင်းသည် အမျိုးသားဘဝ တိုးတက်ရေး အတွက် ဖြစ်သည်။

## အလှတရား၏ သဘောမှန်များ

၅၀။ အနာဂတ်ကြို သဘောမှန်ဝါဒသည် 'အလှတရား' (The Beautiful) ဟူသော သဘောကို 'လောကုတ္တရာ အလှတရား' (The Transcendental Beauty) နှင့် 'လောကီ အလှတရား' (The Mundane Beauty) ဟူ၍ နှစ်ပါးအပြားထား၍ ရှုမြင်နားလည်ပါသည်။

၅၁။ သစ္စာလေးပါး မဂ်ဖိုလ်နိဗ္ဗာန် တရားတို့သည် လည်းကောင်း၊ ပါရမီဆယ်ပါး၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးနှင့် တေဝိဇ္ဇာဉာဏ် သမ္မာသမ္ဗောဓိ ဉာဏ်ထူးတို့သည် လည်းကောင်း၊ အကြွင်းမရှိသော၊ ထာဝရမြတ်သော လောကုတ္တရာ အလှတရားများအဖြစ် အစဉ်တည်ရှိသည် ဟူ၍ ဤဝါဒတွင် ယုံကြည်လက်ခံထားပါသည်။

mgyoe.com

mgyoe.com



၅၂။ သတ္တဝါတို့၏ ကိလေသာနှင့်စပ်သော တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ အဖန်တလဲလဲ ခံစားလိုခြင်း စသော လောဘ တဏှာဝယ် အခြေပြုသော၊ ဉာဏ်နှင့် မယှဉ်သော အပေါ်ယံမျှ ဖြစ်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ဖောဋ္ဌဗ္ဗာ စသော အာရုံတရားတို့နှင့်သာ ဆက်ဆံသော ထိုထိုအလှမှန်သမျှကို လောကီအလှတရားများ ဟူ၍ ဤဝါဒ၌ သတ်မှတ်ထားပါသည်။

၅၃။ ဉာဏ်အဆင့်ဆင့်ဖြင့်သာ ထိုးထွင်း၍ သိမြင်အပ်သော၊ ထိုသို့ သိမြင်တိုင်းမှာလည်း သိမြင်နိုင်သူအား ပီတိကို လည်းကောင်း၊ သုခကို လည်းကောင်း၊ ဧကဂ္ဂတာကို လည်းကောင်း၊ ဈာန် မဂ်ဖိုလ်ကို လည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကို လည်းကောင်း မျက်မှောက်ပြုစေသော ထိုထိုလောကီလွန်အလှတရားတို့သည် ပရမတ္ထသစ္စာတရားများ ဖြစ်ကြသည်ဟု ယူပါသည်။ ပရမတ္ထ သစ္စာ အလှတရားများသည် ပြောင်းလဲခြင်းနှင့် လည်းကောင်း၊ ဖောက်ပြန်ခြင်းနှင့် လည်းကောင်း တစ်ပါးအလိုသို့ လိုက်ခြင်း (ကာလအလို၊ ဒေသအလို၊ ပုဂ္ဂိုလ်အလို၊ ခေတ်အလို) တို့နှင့် ဆက်ဆံခြင်း ကင်းသော မြတ်သော ထာဝရ အလှတရားများ လည်း ဖြစ်ကြသည်ဟု ယူပါသည်။

၅၄။ အပေါ်ယံ အာရုံတို့နှင့် ထိတွေ့သိမြင်အပ်သော ထိုသို့ သိမြင် တိုင်းမှာလည်း သိမြင်ခံစားသူအား တဒင်္ဂအားဖြင့် ဖြစ်စေ၊ အဖန်တလဲလဲအားဖြင့်ဖြစ်စေ တစ်ချိန်တစ်ခါ၊ တစ်နေရာ၌ (သို့မဟုတ် တစ်ခေတ်တစ်ခါ၌) နှစ်သက်ခြင်းပီတိကို ဖြစ်စေ တတ်၏။ ဘဝ၏အပူ၊ ဘဝ၏ အမော၊ ဘဝ၏ ကြောင့်ကြ၊ ဘဝ၏ အားငယ်မှု၊ ဘဝ၏ ဖိစီးမှုများကို ယာယီအားဖြင့်

mgyoe.com

mgyoe.com



ဖြေဖျောက်ပေးတတ်သော အစွမ်းသတ္တိလည်း ရှိ၏။ အိပ်စက်ခြင်းကဲ့သို့ မေ့လျော့ခြင်း၌ မွေ့လျော်စေလျက် အိပ်မက်နှင့် အလားတူသော ပုံရိပ်အမျိုးမျိုးကို ဖန်ဆင်းကာ ဘဝအိပ်မက်များစွာဖြင့် နှစ်သက်ဖွယ်မရှိသော မျက်မှောက် ဘဝထဲတွင် အသက်ရှင်၍ နေပျော်အောင် လှည့်စားသွေးယူ ချော့မြှူအားပေးတတ်သော သဘောမျိုးလည်း ရှိ၏။ မျက်မှောက်ဘဝ အခြေအနေများထက် အဘက်ဘက်က သာလွန် ကောင်းမွန်တိုးတက်သော ဘဝမျိုးကို မျှော်လင့်၍ ထိုဘဝမျိုးကို လူသားတို့ မျက်မှောက် ခံစားရရေးအတွက် လမ်းပြသည့် စေတနာ (စေ့ဆော်မှု) အစွမ်းလည်း ရှိ၏။ ထိုသို့သော သဘောမျိုးရှိသော လောကီအလှတရားများကိုမူ ဤဝါဒတွင် သမုတိသစ္စာတရားများ ဖြစ်ကြသည်ဟု ယူပါသည်။

၅၅။ သဘာဝလောကအတွင်း၌ဖြစ်စေ၊ လူ့လောကအတွင်း၌ ဖြစ်စေ သဘာဝဖန်တီးမှုဖြင့် လည်းကောင်း၊ လူ့ဖန်တီးမှုဖြင့် လည်းကောင်း ဖြစ်ပေါ်လာသော လောကီအလှ (ဝါ) သမုတိသစ္စာအလှတရားများသည် ပြောင်းလဲတတ်သော သဘောရှိသည်၊ ဖောက်ပြန်တတ်သော သဘောရှိသည်၊ အသစ်အသစ်တို့ ဖြစ်ပေါ်နေပြီး အဟောင်း အဟောင်းတို့ ချုပ်ဆုံးနေသော သဘောရှိကြသည်။ မြဲသောသဘောမရှိကြ ဟူ၍လည်း ဤဝါဒအရ ရှုမြင်နားလည်ပါသည်။

၅၆။ အထူးသဖြင့် သမုတိ သစ္စာအလှဖြစ်သော လောကီအလှတရားတို့သည် ရုပ်ဝတ္ထု ပစ္စည်းတို့ကို စွဲမှီ၍ လည်းကောင်း၊ ခေတ်၊ ကာလ၊ ဒေသအလိုက် လူတို့၏ ပြောင်းလဲတတ်သော အနုဘာဝန ရသအတွေ့အကြုံကို လိုက်၍ လည်းကောင်း၊

mgyoe.com

mgyoe.com


ပြောင်းလဲတတ်သောကြောင့် စာပေအနုပညာအားဖြင့် လူတို့ ဖန်တီးသော ထိုထို လောကီအလှတရားများသည် သမိုင်း လက္ခဏာ (Historical Character) ရှိကြကုန်သည်သာ ဖြစ်ကြသည်ဟုလည်း ဤသဘောတရားက နားလည်ထား ပါသည်။

၅၇။ လောကီအလှတရား၏ သမိုင်းလက္ခဏာဆိုသည်မှာ လူ့သမိုင်း ကြောင်းသည် အစဉ်တိုးတက် ပြောင်းလဲလျက်ရှိသည်နှင့်အညီ ခေတ်ဟောင်း၏ လူမှုစီးပွားရေးသည် လည်းကောင်း၊ အယူ အဆ အတွေးအခေါ်များသည် လည်းကောင်း၊ ပညာရေးစနစ်၊ လူ့ဆက်ဆံရေးစနစ်၊ ဥပဒေဓလေ့ထုံးတမ်း စသည်တို့သည် လည်းကောင်း၊ စာပေယဉ်ကျေးမှု အနုပညာများသည် လည်း ကောင်း၊ လူသုံးကုန်ပစ္စည်းတို့သည် လည်းကောင်း၊ လူသားတို့ ၏ နည်းပညာရပ်များသည် လည်းကောင်း၊ ဆန်းသစ်လာ သော ခေတ်တစ်ခေတ်သို့ ရောက်သောအခါ လိုက်ပါပြောင်း လဲ ဖြစ်ပေါ်ကြကုန်သည်သာ ဖြစ်ကြပါသည်။ ထိုကဲ့သို့ ဆန်း သစ်ခြင်း၊ အသစ်သစ်ကို ဖန်တီးခြင်း သဘောသည် လူသားတို့ ၏ ကြိုက်နှစ်သက်ခြင်း သဘော ပြောင်းလဲမှုကြောင့်လည်း ဖြစ်၍ လူသား၏ ကြိုက်နှစ်သက်ခြင်း သဘောကို ပြောင်း လဲစေခြင်းကိုလည်း ဖြစ်စေပါသည်။ ထိုသည်ကို ထောက်၍ ဆိုခြင်း ဖြစ်သည်။

၅၈။ သမုတိသစ္စာ လောကီအလှတရားတို့သည် သမိုင်းလက္ခဏာ ရှိသည် ဖြစ်သောကြောင့် ထိုအလှတရားတို့သည် ဓမ္မဓိဋ္ဌာန် တရားများမဟုတ်ဘဲ ပုဂ္ဂလဓိဋ္ဌာန် (ဆန္ဒစွဲ)တရားများ၊ (ဝါ) လူပုဂ္ဂိုလ် တစ်စုံတစ်ဦးက မိမိအလိုကျ ပြုပြင်ချင်တိုင်း ပြုပြင်၍ ရသော တရားများ ဖြစ်သည် ဟူ၍ မယူဆအပ်ပါ။

mgyoe.com

mgyoe.com


၅၉။ ထိုထို အလှသစ္စာ တရားမျိုးတို့သည် သမိုင်းခေတ်၏ အလို အရ ဖြစ်ပေါ်လာသော လူသားအများ၏ 'အများစု ခံစားချက်' (Common Feeling) အရ သူ့သဘောကို သူဆောင်၍သာ ဖြစ်ပေါ်လာကြသည်ဟု နားလည်သင့်ပါသည်။

၆၀။ 'အလှတရား'တိုင်းကို လူသားတို့၏ 'အကြိုက်တရားများ' ဟူ၍ သတ်မှတ်နိုင်ပါသည်။

၆၁။ သို့ရာတွင် ပုဂ္ဂိုလ်အကြိုက်နှင့် ခေတ်အကြိုက်သည် ထပ်တူ ထပ်မျှ ဖြစ်ချင်မှလည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံ ခေတ်က ကြိုက်သည်ကို ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်းက မကြိုက် ဖြစ်တတ်သည်လည်း ရှိပါသည်။ ဤတွင် ခေတ်အကြိုက် ဆိုသည်မှာ အဘယ်ကိုဆိုသည်ကို သိသင့်ပါသည်။

၆၂။ 'ခေတ်အကြိုက်' ဆိုသော စကားကို အဓိပ္ပာယ်ဖွင့်ရလျှင် သမိုင်း၏ မျက်မှောက်ကာလတစ်ခု၌ ရုတ်တရက် ပွင့်လန်း လာသော တူညီသည့် ရှင်သန်နိုးကြားမှု (ဝါ) အများစု ခံစား ချက်ပင် ဖြစ်ပါသည်။ ထိုသဘောသည် ထိုခေတ်၏ နိုးကြား အားသန်သော အတုမြင် အတတ်သင်လွယ်သော လူငယ် များ၏ ရင်တွင်းမှာ ရုတ်တရက် ဖြစ်ပေါ်တတ်ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပါ။ လူ့ဘဝတွင် ဖြစ်ပေါ်လျက်ရှိတတ်သော 'ဘဝနရီစည်းချက်' (Life Rhythm) ကြောင့်ပင် ဖြစ်သည်ဟု ဤသဘောတရားက ခံယူပါ သည်။

၆၃။ အထက်တွင် အလှတရားတိုင်းကို လူတို့၏ အကြိုက်တရား များဟု ဆိုရာ၌ ဤတွင် လောကီအကြိုက်၊ ခေတ်အကြိုက်ကို ဆိုလိုပါသည်။ အများကြိုက်ဟု အလွယ်ယူလိုက်လျှင်လည်း ယူသင့်ပါသည်။

mgyoe.com

mgyoe.com


၆၄။ သို့ရာတွင် 'အကြိုက်တရား'တိုင်းကိုမူ 'အလှတရားများ' ဖြစ်သည်ဟု မဆိုသင့်ပါ။ အဘယ်ကြောင့်ဆိုသော် လူသားသည် အကျည်းတန်သည့် သဘောများစွာကိုလည်း ကြိုက်တတ်၊ ကျူးလွန်တတ်ပါသည်။ (ဥပမာ–အရက်ကိုကြိုက်ခြင်း၊ ဘိန်းဖြူကို ကြိုက်ခြင်း၊ လက်စားချေခြင်း၊ စစ်မက်ပြုခြင်း၊ အကြမ်းဖက်ခြင်း စသည်ကို ကြိုက်နှစ်သက်ခြင်းမျိုးလည်း ရှိတတ်ပါသည်။)

၆၅။ လောက၌ 'အလှတရား'၏ ပက္ခဖြစ်သော သဘောသည် 'အကျည်းတန်ခြင်း၊ အရုပ်ဆိုးခြင်း'သဘော ဖြစ်သည်ကိုလည်း နားလည်သင့်ပါသည်။

သို့ဖြစ်လျှင် အဘယ်သဘောတို့သည် အကျည်းတန်ကြပါကုန်သနည်း။

ဘဝ၏ ကြီးပွားတိုးတက်ခြင်းကို တားဆီးခြင်း၊ ဘဝ၏ ဆုတ်ယုတ်နိမ့်ကျမှုကိုသာ အားပေးခြင်း၊ ဘဝ၏ သာယာမှုကို နှောင့်ယှက်ခြင်း၊ ဘဝ၏ ဆူပူသောင်းကျန်းမှုကို လှုံ့ဆော်တိုက်တွန်းခြင်း၊ ဘဝ၏ အကျိုးကို ပျက်စီးစေခြင်း၊ ဘဝ၏ အချည်းနှီးကို ဖြစ်စေခြင်း စသော ဆန့်ကျင်ဘက် သဘောအရပ်ရပ်သည် လောကီအလိုအားဖြင့် အကျည်းတန်တရားများ ဖြစ်ကြပါသည်။ လောကုတ္တရာ အလိုအားဖြင့်မူ အကုသိုလ်တရားမှန်သမျှကို တိုက်တွန်းအားပေးသော အမှု (ကံ) အားလုံးသည် အကျည်းတန် တရားတွေချည်းသာ ဖြစ်ကြပါသည်။

၆၆။ အနာဂတ်ကြို သဘောမှန်ဝါဒသစ်သည် လူ့ဘဝအတွက် မရှိမဖြစ် လိုအပ်သော လောကီအလှတရားများကို ရှာဖွေဖော်ထုတ်ရန်ကို လည်းကောင်း၊ ဘဝ၏ အကျိုးမဲ့ကို ဖြစ်စေသော လောကီ အကျည်းတန်တရားများကို ဝေဖန်ရေး အမြင်ဖြင့်

mgyoe.com

mgyoe.com



ဖယ်ရှင်းရန် လည်းကောင်း ဆန္ဒနှင့် အဓိဋ္ဌာန်ရှိသော သဘော အမြင်လည်း ဖြစ်ပါသည်။

၆၇။ အနာဂတ်ကြို သဘောမှန်ဝါဒ၏ အဓိက တာဝန်မှာ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ၏ အနာဂတ်ရေးဖြစ်သော စက်မှုဘဝ၏ အလှတရားသစ်များကို ရှာဖွေဖော်ထုတ်ရန် ဖြစ်ပါသည်။

၆၈။ 'အနာဂတ် စက်မှုဘဝ၏ အလှတရားသစ်'ကို ဖော်ထုတ်ခြင်း ဆိုသည်မှာ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းများ၏ အကျိုးနှင့်ယှဉ်သော အကြိုက်တရားမျိုးကို ဖန်တီး၍ ထုတ်လုပ်နိုင်သော စွမ်းဆောင်မှုကို ဆိုခြင်းပင် ဖြစ်တော့သည်။

## စက်မှုဘဝ၏ အလှတရားသစ်

၆၉။ 'စက်မှုဘဝ၏ အလှတရားသစ်'ဆိုသည်မှာ 'အလှတရားရှင်' ကို ဆိုခြင်း ဖြစ်ပါသည်။

'အလှတရားရှင်'ဆိုသည်မှာ အဘယ်ကို ဆိုသနည်း။

အလှတရားရှင်ဆိုသည်မှာ အလှတရားသေ မဟုတ်သည်ကို ဆိုပါသည်။ အလှတရားသေ (Static Beauty)သည် အလှငြိမ်များ ဖြစ်ပါသည်။ ငြိမ်သက်ခြင်း သဘောသည် လှုပ်ရှားခြင်း သဘော၏ ဆန့်ကျင်ဘက်ကို ဆိုပါသည်။ လှုပ်ရှားခြင်း ကင်းသော သဘောကိုပင် ငြိမ်သက်ခြင်းဟု နားလည်နိုင်ပါသည်။ ထိုငြိမ်သက်ခြင်းသည် ပြောင်းလဲခြင်းသဘောလည်းဖြစ်၍ တိုးတက်ခြင်းမဲ့ သဘောလည်း ဖြစ်ပါသည်။

အလှတရားရှင်သည် အလှသေ (အလှငြိမ်)၏ သဘော အားလုံးကို ဆန့်ကျင်သောသဘော ဖြစ်သည်။

၇၀။ အလှတရားရှင်၏ သဘောကို ပိုမိုနားလည်စေရန် အလှတရားငြိမ်၏ သဘောအချို့ကို သိဖို့ လိုပါမည်။ သဘော အချို့ဆိုရာတွင် အမြင်နှစ်ရပ်ကိုသာ ဤတွင် တင်ပြပါမည်။

mgyoe.com

mgyoe.com



အမြင်နှစ်ရပ်ဆိုသည်မှာ...

(၁) ပင်ကိုသဘာဝအမြင်နှင့်

(၂) ပတ်ဝန်းကျင်သဘာဝအမြင် ဖြစ်ပါသည်။

၇၁။ ငြိမ်သက်ခြင်း၏ ပင်ကိုသဘောများမှာ...

ကြီးမားခြင်း၊ လေးလံခြင်း၊ ရှုပ်ထွေးခြင်း၊ (ရှည်လျားထွေပြားခြင်း)၊ အဆင်တန်ဆာများခြင်း၊ ဝန်ပိုခြင်း၊ နှေးကွေးခြင်း၊ လှုပ်ဆော်မှုနည်းခြင်း၊ ထိုင်းမှိုင်းခြင်း၊ နေမြဲနေလိုသောသဘော (အင်နာရှာ) များခြင်း၊ သိခက်ခြင်း၊ နက်နဲခြင်း၊ တည်တံ့ခြင်း၊ ခိုင်ခံ့ခြင်း၊ အပြောင်းအလဲနည်းခြင်း စသည်တို့ ဖြစ်ပါသည်။

ငြိမ်သက်ခြင်း၏ ပတ်ဝန်းကျင် သဘောမှာ ဘဝဟု ဆိုအပ်သော ရုပ်ပတ်ဝန်းကျင်၊ စိတ်ပတ်ဝန်းကျင်၏ နရီ (Rhythm) နှင့် ဆိုင်ပါသည်။ 'ဘဝနရီ' (Life Rhythm)က နှေးကွေးငြိမ်သက်နေလျှင် စာပေအနုပညာ၏ ရသဖွဲ့စည်းမှုတွင်လည်း ငြိမ်သက်သော ပုံသဏ္ဌာန်များသာ ဖြစ်ပေါ်လာနိုင်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။

ဥပမာ–ပဒေသရာဇ်ခေတ် ဘဝပတ်ဝန်းကျင်ကို ကြည့်ပါ။ စီးပွားရေး ဘဝကလည်း ယှဉ်ပြိုင်မှုနည်းသည်။ အမြန်ဆုံး ဆက်သွယ်ရေး ပို့ဆောင်ရေး ကိရိယာများမှာ ဆင်၊ မြင်း၊ ခြေကျင်၊ လှည်းယာဉ်၊ လှေလောက်သာ ရှိသည်။ အဝေးပြေးလမ်း မရှိ။ ကူးလူးဆက်ဆံရေး ခက်ခဲသည်။ လှုပ်ရှားသွားလာမှု နည်းသည်။ မိမိမွေးရာအရပ်တွင်နေ၊ ထိုအရပ်တွင် သေသူ များသည်။ လျင်မြန်တက်ကြွလှုပ်ရှားသော အရာဟူ၍ မရှိသလောက် ရှားသည်။ ထို့ကြောင့် ပဒေသရာဇ်ခေတ်၏ ဘဝနရီသည် အလွန်နှေးကွေး လေးလံနေလေသည်။

ထိုအခါ နှေးကွေးလေးလံသော ဝတ်စားဆင်ယင်မှုကို လူတို့ကြိုက်သည်။ ဆံပင်ရှည်ထားသည်။ တောင်ရှည်ပုဆိုး ဝတ်သည်၊ ထိုင်

mgyoe.com

mgyoe.com



မသိမ်း အနားရှည် ထဘီဝတ်သည်။ သူ့ခေတ် ဘဝနရီနှင့် သူ့အလှ ကိုက်ညီနေသည်။ ထိုအခါ ကြည့်ကောင်းသည်။ ထိုအဆင်တန်ဆာမျိုးဖြင့် ယခုခေတ် တိုးတှေ့လျက် သုတ်ခြေတင်စီးရသော ဘတ်စ်ကား တိုးစီးလျှင် အဆင်လည်းမပြေ၊ ကြည့်၍မကောင်း၊ ရယ်ဖွယ်လိလိသာ ဖြစ်နေပေလိမ့်မည်။

ပဒေသရာဇ်ခေတ် ဘဝနရီနေ့းမှုကြောင့် ထိုခေတ်မှာ ပေါ်ပေါက်သော စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ဇာတ်သဘင် စသော အနုပညာဖန်တီးမှု အားလုံးသည် အလှငြိမ်များချည်း ဖြစ်နေကြသည်ကို သတိထားကြည့်သင့်ပါသည်။

၇၂။ ထိုအခါ အလှရှင်၏ ပင်ကိုသဘောကို သိတန်ပြီ။

'အလှရှင်'သည် ပင်ကိုအားဖြင့် သေးငယ်သည်၊ ပေါ့ပါးသည်၊ ရှင်းလင်းသည်၊ (တိုသည်၊ နည်းသည်) အဆင်တန်ဆာမရှိ၊ ဝန်မပို၊ မြန်သည်၊ လျင်သည်၊ သွက်သည်၊ တက်ကြွသည်၊ လှုံ့ဆော်မှု ဆန္ဒများသည်၊ နေမြဲနေလိုသော သဘောမရှိ၊ သိလွယ်သည်၊ (သုံးလွယ်သည်) မနက်နဲ၊ မခက်ခဲ၊ မတည်တံ့၊ မခိုင်ခံ့၊ အပြောင်းအလဲ များသည်၊ မြန်သည်။

ဥပမာ–ယခုကာလပေါ် လူသုံးပစ္စည်းများကိုကြည့်။ နာရီ၊ ကက်ဆက်တွေ၊ ဘောပင်တွေ၊ မော်တော်ကားတွေ၊ တယ်လီဗီးရှင်းတွေ၊ ဆိုင်ကယ်တွေ၊ ကွန်ပျူတာတွေ၊ လေယာဉ်ပျံတွေ၊ အဝတ်အစားတွေ စသည် စသည်...။

အနုပညာတွေ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ဗွီဒီယို၊ အမြင့်သဘင်၊ ပန်းချီ၊ ပန်းပုနှင့် ဗိသုကာလက်ရာများ။

(ဤတွင် ရန်ကုန်မြို့ပေါ်ရှိ ဗြိတိသျှလက်ထက် ဝိတိုရိယ ဗိသုကာ လက်ရာများနှင့် မျက်မှောက်ခေတ် ဗိသုကာလက်ရာများကို

mgyoe.com

mgyoe.com


နှိုင်းကြည့်လျှင် အလုငြိမ်နှင့် အလုရှင် ကွာခြားပုံကို ချက်ချင်း သိနိုင်ပါသည်။)

မျက်မှောက်ခေတ် မိန်းကလေးများ အလှပြုပြင် ဝတ်စားဆင်ယင်ပုံကိုလည်း ကြည့်ပါ။ ဆံပင်တို၊ အင်္ကျီတို၊ အင်္ကျီပွ၊ ဘလောက်(စ)၊ လုံချည် (ထဘီ) တို၊ ဖိနပ်ပေါ့ပါး။

ဤဖြစ်ပေါ်မှုများသည် မျက်မှောက်ခေတ် ဘဝနရီနှင့် ကိုက်ညီစွာ ဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။

၇၃။ အလှတရားသစ်ကို ဖွံ့ဖြိုးဆဲ လူ့ဘောင်အတွင်း စတင်ဖြစ်ပေါ်ပြီး ရှင်သန်တိုးတက်လျက်ရှိသော စက်မှုဘဝသစ်၏ လှုံ့ဆော်မှုများက တောင်းဆိုလျက် ရှိပါသည်။ ဖွံ့ဖြိုးဆဲ လူ့ဘောင်အတွင်း စက်မှုဘဝသစ်သည် မြို့ပြဘဝတွင် စတင် ဖြစ်ပေါ်ပါသည်။ ထို့နောက် လက်မှုအခြေခံဘဝ တည်ရှိရာ ကျေးလက်တောရွာသို့ ပျံ့နှံ့ရောက်ရှိပါသည်။ ကျေးလက်ရှိ လက်မှုကုန်ထုတ်ဘဝကို အသစ်ရောက်ရှိလာသော စက်မှု ကုန်ထုတ်ဘဝက တွန်းဖယ်ပစ်မည် ဖြစ်ပါသည်။ ထိုအခါ ကျေးလက် ပရိသတ်မှာပင် ခံစားမှု အနုဘာဝသစ်များ ဖွံ့စည်း ဖြစ်ပေါ်လာပါလိမ့်မည်။

ဥပမာ–ဆီမီးခွက်အစား လျှပ်စစ်မီးရောင်ကို ထိုပရိသတ် ပိုမိုနှစ်သက်ပါလိမ့်မည်။ ပလွေတိုသံအစား ရေဒီယို၊ ကက်ဆက်၊ စပီကာ (အော်ကျယ်)အသံကို ထိုပရိသတ် ပိုမိုနှစ်သက်ပါလိမ့်မည်။ နွားဆွဲသောထွန်၊ ထယ်၊ ကြမ်းတုံးများအစား လယ်ထွန်စက်၊ ကောက်စိုက်စက်၊ စပါးရိတ်သိမ်းနယ်လှေ့စက်ကို နှစ်သက်ပါလိမ့်မည်။ နွားလှည်းအစား လော်ရီကားကို နှစ်သက်ပါလိမ့်မည်။ လှေအစား ပဲ့ထောင်၊ မော်တော်ဘုတ်များကို နှစ်သက်ပါလိမ့်မည်။ မီးဖွားလက်သည်အစား ဝမ်းဆွဲ

mgyoe.com

mgyoe.com



ဆရာမ၊ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်ကို ပို၍ အလိုရှိပါလိမ့်မည်။ ဘုန်းကြီးကျောင်းပညာရေးအစား သိပ္ပံအထက်တန်း ပညာများကို လိုလားပါလိမ့်မည်။ သက်ငယ်မိုးအစား သွပ်မိုး။ သစ်သားအိမ်၊ ဝါးအိမ်အစား တိုက်အိမ်၊ တိုက်ကျောင်း။ ရွှံ့လမ်း မြေလမ်းအစား နိုင်လွန်ကတ္တရာလမ်း။ ခနွဲအစား ကူဘိုတာ ရေစုပ်စက်။ နောက်ချေးအစား ဓာတ်မြေဩဇာ။ မီးထောင်ချောက်အစား ပိုးသတ်ဆေး။

ဤသည်တို့သည် အသစ်ဖြစ်ပေါ်လာမည့် ကျေးလက်၏ စက်မှုဘဝ ခံစားချက်များပင် ဖြစ်ကြလေသည်။

၇၄။ စက်မှုဘဝသစ်က စေ့ဆော်ဖန်တီးလိုက်သော အနုဘာဝသစ်များသည် စက်မှုဘဝသစ်၏ နရီနှင့်အတူ တစ်ပြေးညီ ပုံသဏ္ဌာန်များဖြင့်သာ ဖြစ်ပေါ်ရမည် ဖြစ်ပါသည်။

၇၅။ စက်မှုဘဝသစ်၏ ဘဝနရီသည် ရှင်သန်လျင်မြန်သော 'ဒိုင်နမစ်ရစ်သမ်' (Dynamic Rhythm) ဖြစ်ပါသည်။ စက်ကိရိယာများ၏ လှုပ်ရှားမှု စွမ်းအား ဖြစ်စေ၊ ထုတ်လုပ်မှု စွမ်းအား ဖြစ်စေ၊ အမြန်ဆုံးသည် အလှဆုံး၊ အကောင်းဆုံး ဖြစ်သည်ဟု လူတို့ နားလည်ကြပါသည်။ အမြန်ဆုံး ပြေးသောကား၊ အများဆုံးကို အမြန်ဆုံး ထုတ်လုပ်နိုင်သော စက်သည် လူကြိုက်အများဆုံးပစ္စည်း ဖြစ်ပါလိမ့်မည်။

## အနုပညာဖန်တီးမှု

၇၆။ စက်မှုဘဝ၏ အလှသစ်သည် စက်မှုဘဝကို မျှော်လင့်နေကြသော အများပြည်သူ ပရိသတ်၏ ကြိုက်နှစ်သက်မှုပင် ဖြစ်ပါသည်။ ထိုကြိုက်နှစ်သက်မှုသည် အများစု ကြိုက်နှစ်သက်မှုမျိုးလည်း ဖြစ်ပါသည်။ စက်မှုဘဝ ဆန်းသစ်မှုကို အကြောင်း

mgyoe.com